
Translator - May Thant Sin
အန္တိမတာအိုအား လျှောက်လှမ်း၍
စာစဉ် - ၂၈

# အခန်း (၄၂၁)

## ဉာဏ်ကောင်းတယ် (၂)

*

ထို့နောက် သူသည် လက်လှမ်းကာ သတိလစ်မေ့မြောနေသော ယွီ မိသားစု ခေါင်းဆောင်၏ ချန်ခွင်းအိတ် ကို ဆွဲယူလိုက်သည်။ အိတ်ပေါ်တွင် ခတ်နှိပ်ထားသော နတ်ဘုရား စိတ်အာရုံကို အတင်းအဓမ္မ ရိုက်ချိုး ဖျက်ဆီးပစ်လိုက်၏။ အထဲတွင် အတန်ကြာ ရှာဖွေပြီးနောက် ဝိညာဉ်ကျောက်စိမ်း ရွှေရည်အနှစ် တစ်စက်ကို ရှာတွေ့သွားသည်။ သူသည် ဝိညာဉ်ကျောက်စိမ်း ရွှေရည်အနှစ်ကို ယူဆောင်လိုက်ပြီးနောက် ချန်ခွင်းအိတ်ကို ပြန်လည် ပစ်ပေါက်ပေးလိုက်

တော့သည်။

"တော်ပြီ... မြေဆရာ ကလွဲလို့ ကျန်တဲ့သူတွေ အကုန်လုံး ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်းထဲကနေ အခုချက်ချင်း ထွက်သွားကြစမ်း။ ဒီသတ္တုတွင်းက အခု ငါ့ပိုင်နက် ဖြစ်သွားပြီ"

တာအိုရုပ်သေးက အေးစက်စက် လေသံဖြင့် အမိန့်ပေးလိုက်သည်။

ထိုစကားကို ကြားသည်နှင့် ကောင်းကျူးရှန်းသည် ချက်ချင်းပင် အရိုအသေပေးလိုက်၏။

"ဟုတ်ကဲ့ပါ ခင်ဗျာ... ကျွန်တော်တို့ ထွက်သွားပါ့မယ်"

သူသည် မည်သည့် တုံ့ဆိုင်းမှုမျှ မရှိဘဲ သူ၏ မျိုးနွယ်စုဝင်များကို ဦးဆောင်ကာ အလျင်အမြန် ထွက်ခွာသွားတော့သည်။

မန် မိသားစုမှ လူများ၏ မျက်နှာသွင်ပြင်များသည် အကြိမ်ကြိမ် ပြောင်းလဲသွား

သော်ငြားလည်း၊ နောက်ဆုံးတွင် ကောင်း မိသားစု နောက်သို့ လိုက်ပါရန်သာ ဆုံးဖြတ် လိုက်ကြလေ၏။

ယခုမှ မိသားစုဝင် များမှာမူ စကားတစ်ခွန်းမျှပင် မဟရဲတော့ချေ။ သတိလစ် မေ့မြောနေသော သူ တို့၏ မိသားစု ခေါင်းဆောင်ကို ပွေ့ချီကာ အလျင်အမြန် ထွက်ပြေးသွားကြလေ တော့သည်။

"ရှမ်း..."

တာအိုရုပ်သေးသည် ကောင်းကင်ယံမှ ဆင်းသက်လာပြီး လင်းရှူ နှင့် မလှမ်းမကမ်း တွင် ရုပ်တန့်လိုက်သည်။ ရုပ်သေး၏ မမျှော်လင့် ထားသော မြန်ဆန်လှသည့် အရှိန်အဟုန် ကြောင့် သူမ အလန့်တကြား ဖြစ်သွားရ၏။

တာအိုရုပ်သေးသည် သူမကို ခေတ္တမျှ အကဲခတ် ကြည့်ရှုလိုက်သည်။ လင်းရှူ သည်

အိုမင်းရင့်ရော်နေသည့် ပုံပေါက်နေသော်ငြားလည်း အသက်အရွယ် အလွန် ကြီးရင့်နေခြင်းတော့ မဟုတ်ဘဲ၊ အသက် တစ်ရာကျော်ခန့်သာ ရှိဦးမည် ဖြစ်သည်။

သူမ၏ မျက်နှာကို သေချာစွာ ကြည့်လိုက်ပါက မူလက အလွန် ချောမောလှပသော အမျိုးသမီးတစ်ဦး ဖြစ်ခဲ့ကြောင်း သိမြင်နိုင်ပေသည်။

အနည်းဆုံးတော့ သူမသည် နတ်သမီးလေးတစ်ပါး ဟူသော ဂုဏ်ပုဒ်နှင့် ထိုက်တန်ခဲ့သူဖြစ်၏။

သို့သော် ဝမ်းနည်းစရာ ကောင်းသည်မှာ မြေဆရာ လမ်းစဉ်ကို ကျင့်ကြံသူ တစ်ဦး အနေဖြင့် သူမသည် ကောင်းကင် တာအိုလမ်းစဉ် နှင့် ဆန့်ကျင်ဘက် ဖြစ်သော လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေရခြင်းပင်။

သူမ၏ သက်တမ်းသည် လုံလောက်မှု မရှိ

သည်မှာ ကြာလှပြီ ဖြစ်သည်။

ဤကဲ့သို့သော အခြေအနေမျိုးအောက်တွင် နှုတ်ပိတ်ခြင်း ထိန်းသိမ်းသည့် ဆေးလုံးများ ပင်လျှင် သူမ၏ ရုပ်ရည်သွင်ပြင်ကို ဆက်လက် မ ထိန်းသိမ်းပေးနိုင်တော့ချေ။

ဤသည်ကား မြေဆရာ လမ်းစဉ်ကို ကျင့်ကြံခြင်း၏ အားနည်းချက်များထဲမှ တစ်ခုပင် ဖြစ်၏။

အမျိုးသား မြေဆရာများ အနေဖြင့် ဂရုစိုက်မည် မဟုတ်သော်ငြားလည်း၊ အမျိုးသမီး မြေဆရာများ အတွက်မူကား...

"နောက်တစ်ဆင့် အနေနဲ့ တူးဖော်ရေး အလုပ်တွေ မပြီးမချင်း မင်းက ဒီ ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်းကို စောင့်ကြပ်ပေးရမယ်။ အဲ့ဒီအချိန် ရောက်လာရင်တော့ မင်းကို ငါ မျှမျှတတ ဆက်ဆံပေးပါ့မယ်"

တာအိုရုပ်သေးက သူမကို စိုက်ကြည့်ရင်း အမိန့်ပေးလိုက်သည်။

လင်းရှု သည် အလိုမကျစွာဖြင့် အံကြိတ်လိုက်ပြီး စိတ်ထဲမှ ကြိတ်ကာ ညည်းတွားလိုက်တော့၏။

'မှုမှုတတ ဆက်ဆံပေးမယ် ဟုတ်လား'

'နင်သာ ပေါ်မလာခဲ့ဘူး ဆိုရင် ငါ ဝိညာဉ်ကျောက်စိမ်း ရွှေရည်အနှစ် နှစ်စက်တောင် ရနေလောက်ပြီ'

'အခု နင်က ဒီ ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်းကို သိမ်းပိုက်လိုက်တဲ့အပြင်၊ ငါ့ကိုပါ အစောင့်အဖြစ် ခိုင်းနေသေးတယ်။ ငါ့ကို ဝိညာဉ်ကျောက်စိမ်း ရွှေရည်အနှစ် တွေ ပေးမှာမို့လို့လား'

ဒါပေ့ါလေ။

ဤစကားများကို လင်းရှု အနေဖြင့်

အသံထွက်၍ မပြောရဲခဲ့ပေ။

သူမသည် အနည်းငယ် အခက်တွေ့နေသည့် မျက်နှာထားဖြင့်သာ မေးလိုက်သည်။

"ဘာလို့ အင်အားကြီး မိသားစု သုံးခုက လူတွေကို မောင်းထုတ်ပစ်လိုက်တာလဲ ရှင်။ သူတို့ မရှိရင် ကျွန်မတို့ နှစ်ယောက်တည်းနဲ့ ဒီ ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်းကို တူးဖော်ဖို့ အတော်လေး ခက်ခဲလိမ့်မယ်နော်"

ထိုအခါ၊ တာအိုရုပ်သေးက ခပ်ဖျော့ဖျော့သာ ပြုံးပြလိုက်၏။

"ကျိ... ကျိ... ကျိ..."

နောက်တစ်ခဏ၌ ကြွက်မိစ္ဆာများ၏ ဆူညံသော အော်မြည်သံများကို ကြားလိုက်ရသည်။

မူလက ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်းအောက်တွင် ရှိနေခဲ့သော ကောင်းကင်မိုးကြိုးကြွက် မိစ္ဆာအုပ်စုသည် မြေအောက်မှနေ၍ အုံ

လိုက်ကျင်းလိုက် ထွက်ပေါ်လာကြပြီး တာအို ရုပ်သေး၏ ပတ်လည်တွင် စုရုံးလာကြတော့၏။ ၎င်းတို့ အားလုံးသည် ရိုသေကျိုးနွံစွာဖြင့် ဦးညွှတ် အရိုအသေ ပေးလိုက်ကြသည်။

ဤမြင်ကွင်းကို မျက်မြင်ကိုယ်တွေ့ မြင်လိုက်ရသောအခါ လင်းရှု သည် တစ်စုံတစ်ခုကို ရုတ်တရက် သဘောပေါက်သွားပြီး ခံစားချက်များ ရောထွေးသွားတော့သည်။

'ဒီလိုကိုး'

'ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်း အောက်က ကြွက်မိစ္ဆာ အုပ်စုက သူ့ရဲ့ ထိန်းချုပ်မှု အောက်မှာ ရှိနေတာပဲ'

'အရင်တုန်းက ငါ သူတို့ကို မောင်းထုတ်ပြီး အကုန်လုံးကို ရှင်းလင်းပစ်ဖို့ စီစဉ်ထားခဲ့တာ။ ကံကောင်းလို့ ဘာမှ မဖြစ်ခဲ့တာ'

လင်းရှု သည် ထိုအကြောင်းကို တွေးမိပြီး

အလွန်တရာ ကြောက်မက်ဖွယ် ကောင်းလှသည်ဟု ခံစားလိုက်ရသည်။

အကယ်၍ သူမသာ အမှန်တကယ် လှူပ်ရှားခဲ့မိမည် ဆိုပါက... ဤမျှ စွမ်းအား ကြီးမားလှသော ရန်သူနှင့် ရင်ဆိုင်ရလျက် သူမ အသက်ရှင်လျက် ကျန်ရစ်နိုင်ပါဦးမည်လား။

"နောက်ပိုင်း ဒီ မိစ္ဆာအုပ်စုက တူးဖော်ရေး အလုပ်တွေကို ဆက်လုပ်လိမ့်မယ်။ မင်း လုပ်ရမှာက သတ္တုတွင်းကို စောင့်ကြပ်ဖို့နဲ့ တခြားသူတွေ လာရောက် မနှောင့်ယှက်အောင် တားဆီးပေးဖို့ပဲ"

တာအိုရုပ်သေးက အေးအေးလူလူပင် ပြောလိုက်၏။

လင်းရှူ သည် အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်သည်။ ရုပ်သေး၏ ဆန္ဒကို သူမ လုံးဝ မဆန့်ကျင်ရဲဘဲ ရိုသေနာခံစွာဖြင့်သာ ပြန်လည်

တုံ့ပြန်လိုက်ရတော့၏။

"ဟုတ်ကဲ့ပါ စီနီယာ"

အခြားတစ်ဖက်တွင်မူ၊

အင်အားကြီး ကျင့်ကြံသူ မိသားစုကြီး သုံးခုမှ လူများသည် ထွက်ခွာသွားကြပြီးနောက် အင်မော်တယ် မြို့တော်ဆီသို့ အလျင်အမြန် ပြန်လာခဲ့ကြကာ၊ သက်ဆိုင်ရာ ဘိုးဘေးကြီးများ ထံသို့ အခြေအနေ အရပ်ရပ်ကို သတင်းပို့ကြလေတော့သည်။

ကောင်း မိသားစု အင်မော်တယ် စံအိမ်တော်၊

သတင်းကို ကြားသိရသောအခါ ကောင်း မိသားစု ဘိုးဘေးကြီး ၏ မျက်နှာသွင်ပြင်သည် အနည်းငယ် ပြောင်းလဲသွား၏။ သူသည် ကောင်းကျုံးရှန်း ကို မှုန်ကုပ်နေသော မျက်နှာထားဖြင့် စိုက်ကြည့်ကာ မေးလိုက်သည်။

"ရွှေအမြုတေ အဆင့် နှောင်းပိုင်း အရှင်သခင်

တစ်ပါး ဖြစ်တဲ့ လူစိမ်း တစ်ယောက် ပေါ်လာပြီး ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်းကို သိမ်းပိုက်သွားတယ် လို့ မင်း ပြောချင်တာလား"

ကောင်းကျုံးရှန်း က သက်ပြင်းချရင်း ပြန်လည်ဖြေကြားလိုက်သည်။

"ဟုတ်ပါတယ် ဘိုးဘေးကြီး။ သူက ရုတ်တရက်ကြီး ပေါ်လာတာမို့လို့ ကျွန်တော်တို့ အကုန်လုံး ဘာလုပ်ရမှန်းတောင် မသိလိုက်ဘူး"

"အဲ့ဒီအချိန်တုန်းက ဝိညာဉ်ကျောက်စိမ်း သတ္တုတွင်း ထဲမှာ တတိယအဆင့် အဆင့်နိမ့် သွေးကြော အခင်းအကျင်း တစ်ခုကို ကျွန်တော်တို့ တည်ဆောက်ထားပြီးသား ဆိုတာ ဘိုးဘေးကြီး သိပါတယ်နော်။ ဒါပေမဲ့ သူက အခင်းအကျင်း ကို အသာလေး ထိုးဖောက်ပြီး တိုက်ရိုက်ကြီးကို ပေါ်လာတာပါ"

"အရမ်းကို ကြောက်စရာ ကောင်းလွန်းပါ

တယ်။ လင်းရှူ တောင်မှ နည်းနည်းလေးတောင် မကျေနပ်တဲ့ ပုံစံ မပြရဲဘူး"

ကောင်း မိသားစု ဘိုးဘေးကြီး ၏ မျက်နှာ အမူအရာသည် အကြိမ်ကြိမ် ပြောင်းလဲသွား တော့၏။ သူ၏ ရင်ထဲတွင် အံ့အားသင့်မှုနှင့် ဒေါသတရားများ ရောယှက်နေသည်။

ရွှေအမြုတေ အဆင့် နှောင်းပိုင်း အရှင်သခင် တစ်ပါး...

ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ကောင်း မိသားစု အနေဖြင့် လုံးဝ မရန်စနိုင်သလို၊ သူကိုယ်တိုင် လည်း မရန်စဝံ့ချေ။

သို့သော် ထို တတိယအဆင့် ဝိညာဉ် ကျောက်စိမ်း သတ္တုတွင်းကြီး သည်ကား... ဝိညာဉ်ကျောက်စိမ်း ရွှေရည်အနှစ် ကို ထုတ်ပေး နိုင်စွမ်း ရှိသည့် သတ္တုတွင်းကြီး ပေတကား။

ထိုအကြောင်းကို တွေးမိတိုင်း သူ၏ ရင်ထဲတွင်

နာကျင်မှုများကိုသာ ခံစားရပြီး ဤအခြေအနေကို လုံးဝ လက်မခံနိုင်အောင် ဖြစ်နေရသည်။

ကောင်း မိသားစု ဘိုးဘေးကြီး သည် ဤအခြေအနေကို မည်သို့ ကိုင်တွယ်ဖြေရှင်းရမည်နည်း ဟု စဉ်းစားခန်း ဝင်နေစဉ်မှာပင်၊ ကောင်း မိသားစု ပင်မ အိမ်တော်မှ သခင်မလေး ပေါ်ထွက်လာခဲ့သည်။ အရပ်ရှည်ရှည်နှင့် ကျက်သရေရှိလှသော သူမ၏ ပုံရိပ်သည် ကောင်း မိသားစု ဘိုးဘေးကြီး ၏ ရှေ့မှောက်သို့ ရောက်ရှိလာပြီး၊ ဦးညွှတ် အရိုအသေ ပေးကာ ပြောလိုက်တော့၏။

"ဘိုးဘေးကြီး... ကျွန်မတို့ရဲ့ လက်ရှိ အင်အားနဲ့ဆိုရင်တော့ အဲ့ဒီ သတ္တုတွင်းကို ပြန်လည်ထိန်းချုပ်နိုင်ဖို့ ဆိုတာ လုံးဝ မဖြစ်နိုင်တော့ပါဘူး"

"သို့ပေမယ့်လည်း... ဒီ အကျပ်အတည်းကို

အခွင့်အရေး တစ်ခု အဖြစ် ကျွန်မတို့ ပြောင်းလဲပစ်နိုင်ကောင်း ပြောင်းလဲပစ်နိုင်ပါတယ်"

ကောင်း မိသားစု ဘိုးဘေးကြီး သည် မျက်မှောင်ကြုတ်သွားပြီး...

"အခွင့်အရေး တစ်ခု အဖြစ် ပြောင်းလဲမယ် ဟုတ်လား"

သခင်မလေး ကောင်း က အေးအေးလူလူပင် ပြန်လည် ရှင်းပြလိုက်သည်။

"အဲ့ဒီ စီနီယာက တစ်ယောက်တည်း ပေါ်လာတာပါ။ သူ့အနေနဲ့ သတ္တုတွင်းကို တူးဖော်ဖို့ ဆိုတာ သိပ်လွယ်ကူလှမှာ မဟုတ်ပါဘူး။ ကျွန်မတို့ ကောင်း မိသားစု က သူ့ကို အကူအညီ ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မယ်"

"ပြီးတော့ စီနီယာက ကျွန်မတို့ကို မောင်းထုတ်ခဲ့ပေမယ့် ဘယ်သူ့ကိုမှ သတ်ဖြတ်မသွားခဲ့ဘူးလေ"

"ဒါက သူဟာ သွေးဆာနေတဲ့ လူတစ်ယောက် မဟုတ်ဘူး ဆိုတာကို ပြသနေတာပါပဲ။ သူ့ရဲ့ စရိုက်လက္ခဏာကို အကဲဖြတ်ကြည့်လို့ ရသလို၊ ယုံကြည်ရနိုင်ချေလည်း ရှိပါတယ်"

"တကယ်လို့ ဒီ စီနီယာကသာ ကျွန်မတို့ ကောင်း မိသားစု နဲ့ မိတ်ဆွေဖွဲ့ဖို့ ဆန္ဒရှိလာခဲ့မယ် ဆိုရင်... ရွှေအမြုတေ အဆင့် နှောင်းပိုင်း အရှင်သခင် တစ်ပါးရဲ့ အကူအညီဟာ ကျွန်မတို့ ကောင်း မိသားစု အတွက် အလုပ်တွေ အများကြီး လုပ်ဆောင်နိုင်ဖို့ လုံလောက်ပါတယ်"

"ဥပမာ အားဖြင့်... ဘိုးဘေးကြီး အမြဲတမ်း လုပ်ချင်နေခဲ့တဲ့ ကိစ္စမျိုးပေါ့။ အင်အားကြီး မိသားစု သုံးခု ပူးပေါင်းပြီး ကုန်သွယ်ရေး အသင်းအဖွဲ့ တစ်ခု တည်ထောင်ဖို့ ကိစ္စလေ"

"ဒါမှမဟုတ် ဒီ စီနီယာက တစ်ကိုယ်တော် လှုပ်ရှားတဲ့သူ ဆိုရင်..."

သခင်မလေး ကောင်း သည် သူမ၏ ဘိုးဘေး ကြီးကို စိုက်ကြည့်လိုက်၏။ လှပသော မျက်နှာ ပေါ်တွင် တည်ငြိမ်သော အမူအရာ ဖြင့် သူမက ဆက်ပြောလိုက်သည်။

"သူ့ကို ကောင်း မိသားစု ထဲ ဆွဲသွင်းနိုင်ဖို့ အတွက်... ကျွန်မ အဲ့ဒီ စီနီယာကို အလုပ်အကျွေး ပြုဖို့ ဆန္ဒရှိပါတယ်"

ကောင်း မိသားစု ဘိုးဘေးကြီး ၏ မျက်ဝန်း အိမ်များ ကျဉ်းမြောင်းသွားပြီး ဆွဲဆောင်မှု အပြည့်ရှိသော သူ၏ မျိုးဆက်လေးကို စိုက် ကြည့်နေမိတော့၏။